## ဓမ္မခန္ဓာ (၉၅) ပညောင်သီး (အလ်–တီးန်)

ဥဂ္ဂဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၈)၊ သုတ်ဒေသနာ (၈)ပါး၊

ဦးဒွေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالتِّينِ وَالزَّيْتُونِ** ۞<br>ပညောင်သီး၊ သံလွင်သီး အားဖြင့်–[၁၁၇၆] |
| ၂။ | **وَطُورِ سِينِينَ** ۞<br>သိနတောင်အားဖြင့်– |
| ၃။ | **وَهَذَا الْبَلَدِ الْأَمِينِ** ۞<br>ဤ ဘေးကင်းလုံခြုံသော နေပြည်တော် အားဖြင့်– |
| ၄။ | **لَقَدْ خَلَقْنَا الْإِنسَانَ فِي أَحْسَنِ تَقْوِيمٍ** ۞ |

---

**(၁၁၇၆)** ဤသုတ်တော်များ၌ ပညောင်သီး၊ သံလွင်သီး၊ သိန (ဆိုင်းနိုင်း)တောင်၊ ဘေးကင်းလုံခြုံသော နေပြည်တော် ဟု– တိုင်တည်ကာ ပြောဆိုထားပေသည်။ ဤနေရာ၌ သံလွင်သီး ဆိုသည်မှာ သံလွင်ပင်ပေါက်ရာ အရပ်ကို ကိုယ်စားပြု၍– ကိုယ်တော် ယေရှုအားလည်းကောင်း၊ သိန (ဆိုင်းနိုင်း)တောင်– ဆိုသည်မှာ ထိုတောင်တော်ကို ကိုယ်စားပြု၍ ပွင့်ပေါ်သော ကိုယ်တော် မူဆာအားလည်းကောင်း၊ ဘေးကင်းလုံခြုံသော နေပြည်တော်ဆိုသည်မှာ– ဘေးမဲ့ဝတ်ကျောင်းတော် ရှိရာ မက္ကာဟ်မြို့ကို ကိုယ်စားပြု ပွင့်ပေါ်သော ကိုယ်တော်မုဟမ္မဒ်အားလည်းကောင်း သက်သေတည်၍– လောကအပေါင်း၏ မဟာစံပြခေါင်းဆောင်ကြီးများသည် လူသားထဲမှပင် ပွင့်ပေါ်ခဲ့ကြောင်း ထောက်ပြလျှက်– လူသားကို အကောင်းဆုံး ပုံစံဖြင့် ဖြစ်တည်စေခဲ့ကြောင်းကို ပြောဆိုခြင်း ဖြစ်ပေသည်။ ဤနေရာ၌ လေ့လာရန်မှာ **တီးန်** ဟုခေါ်သော ပညောင်ပင် သို့မဟုတ် သဘော်သဖန်းပင် ဆိုသည်မှာ မည်သူ့အား ကိုယ်စားပြုသနည်းဟူ၍ပင်–အချို့သော ဆရာတော်များက–သမ္မာကျမ်း– ရှင်မဿဲ အခန်း ၂၁ ပါ၊ ယေရှုနှင့် သဘော်သဖန်းပင် ပတ်သက်ပုံကို ထောက်ပြ၍– ဂျူးလူမျိုးတို့၏ လွှမ်းမိုးအုပ်ချုပ်ခြင်းနှင့် ထိုအုပ်ချုပ်မှု အာဏာအား နောက်ထပ် အသီးသီးသော လူမျိုးအား လွှဲပြောင်းပေးရမည့် လက္ခဏာရပ်ကို ဆိုလိုသည်ဟု (မဿဲ ၂၁း၄၃) ဖွင့်ဆိုပေသည်။ သို့သော် ဤနေရာ၌မူ– သံလွင်သီး၊ သိနတောင်၊ နေပြည်တော်တို့မှာ ဥဂ္ဂဏ်စဉ်တော်ဆောင်များကို ကိုယ်စားပြုပြောဆို၍– ပညောင်သီး သို့မဟုတ် သဘော်သဖန်းသီး တစ်မျိုးတည်းသာလျှင် လူမျိုးတစ်မျိုးအား ကိုယ်စားပြုသည် ဆိုခြင်းမှာ အားနည်းသော ရှုဒေါင့် ဖြစ်သည်ဟု သုံးသပ်နိုင်ပေသည်။ **တီးန်** ဟူသော စကားလုံးအား သမ္မာကျမ်းစာပါ ဘာသာပြန်နောက်သို့ လိုက်လျှက်– သဘော်သဖန်းသီးဟု ပြန်ဆိုခြင်းမှာ လွန်စွာ အားနည်းပေသည်။ ယင်းသည် မြန်မာလူမျိုးများ နားလည်ထားသော သဖန်းပင်မှ အသီး မဟုတ်ချေ။ **တီးန်** ဟူသည် သဖန်းသီးကဲ့သို့ သီးသော ညောင်ပင် မျိုးနွယ် အပင် ဖြစ်ပေသည်။ သံလွင်ပင်– သံလွင်သီးသည် သံလွင်ပင်ပေါက်ရာ အရပ်မှ ပွင့်ပေါ်သော ယေရှုအား ကိုယ်စားပြုကဲ့သို့– ပညောင်သီး– ဆိုသည်မှာလည်း ပညောင်ပင်ပေါက်ရာအရပ် ဖြစ်သော အန္ဒိယတိုက်ငယ်မှ ပွင့်ပေါ်ရာ ဥဂ္ဂဏ်စဉ်ဆောင်များအား ကိုယ်စားပြုသည်ဟူ၍ ဖြစ်နိုင်ပေသည်။ ဂျူးလူမျိုးတို့ကို ကိုယ်စားပြုသော သဘော်သဖန်း ဆိုသည့် ရှုဒေါင့်မှ စဉ်းစားလျှင်လည်း– သမ္မာကျမ်းစာ လုကာ ၁၉း၄၁–၄၄ တွင် ဂျူးလူမျိုးများသည် ကမ္ဘာ့အရပ်ရပ်သို့ ပြန့်သွားခဲ့သည်ဟု ရေးသားထားပေသည်။– ထိုသို့ပြန့်သွားသော ဂျူးလူမျိုးများသည် အိန္ဒိယပြည်မြောက်ပိုင်းသို့လည်း ရောက်ရှိလာခဲ့ပေသည်။ ယနေ့အချိန်အထိ– ယခင်က ဂန္ဓရ ဟုခေါ်သည့် အာဖဂန်နှင့် ပါကစ္စတန်ဒေသများ၊ ယခင်က သာဝတ္ထိသတီဟုခေါ်သည့် ကရှ်မီးယားဒေသများနှင့် အိန္ဒိယ မြောက်ပိုင်း– မိမိကိုယ်မိမိ လူမျိုးကြီးဟု ခံယူသည့် လူမျိုးအားလုံးသည် ဂျူးမျိုးနွယ် ၁၂ နွယ်အနက် ဂျူးမျိုးနွယ်စု ၁၀ ခုမှ ပြန့်ပွားလာခြင်း ဖြစ်ပေသည်။ ယနေ့အချိန်အထိ– အာဖဂန်လူမျိုးနှင့် ပါကစ္စတန်မြောက်ပိုင်း လူမျိုးတို့သည် သူတို့ကိုယ်သူတို့ ဘနီးအစ္စရိုင်းလ်– အစ္စရေးလ်လူမျိုး သို့မဟုတ် ဂျူးလူမျိုးဟု ပြောဆို သုံးစွဲနေဆဲ ဖြစ်ပေသည်။ ၂၀၀၆ ခုနှစ်မှ အာဖဂန်ရှိ နောက်ဆုံးဂျူးဟူသည့် သတင်းတွင်ပင် ထိုအကြောင်းအရာကို ရေးသား ဖေါ်ပြခဲ့ပေသည်။ သို့ဖြစ်၍ တီးန် ပညောင်ပင် ကိုယ်စားပြုခြင်းမှာ အိန္ဒိယမြောက်ပိုင်းမှ ပွင့်ပေါ်သည့် ဥဂ္ဂဏ်စဉ်ဆောင်များမှ ပညောင်ပင် (ညောင်ဗောဓိ) အမှတ်သညာဖြင့် ပွင့်ပေါ်သော ဥဂ္ဂဏ်စဉ်ဆောင်အား ကိုယ်စားပြုဖေါ်ပြခြင်းမှာ ဖြစ်နိုင်ဘွယ် အရှိဆုံးပင်။

| | |
|---|---|
| | မုချပင် ငါသည် လူသားအား အကောင်းဆုံးသော ပုံစံဖြင့် ဖြစ်တည်စေခဲ့၏။ |
| ၅။ | ثُمَّ رَدَدْنَاهُ أَسْفَلَ سَافِلِينَ۞<br>တဖန် ငါသည် သူ့အား အနိမ့်ဆုံးသို့ နိမ့်ပါးစေခဲ့၏။[၁၇၇] |
| ၆။ | إِلَّا الَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ فَلَهُمْ أَجْرٌ غَيْرُ مَمْنُونٍ۞<br>သို့သော် ယုံကြည်လျှက် ပြုပြင်ပြောင်းလဲခြင်း ကျင့်ကြံသူတို့ မပါချေ။ သူတို့အတွက် အဆုံးမသတ်သော အကျိုးဆု သည် ရှိ၏။ |
| ၇။ | فَمَا يُكَذِّبُكَ بَعْدُ بِالدِّينِ۞<br>သို့ဖြင့် သင့်အား သာသနာထွန်းတောက် ပြီးနောက် မည်သူက ငြင်းဆန်နိုင်အံ့နည်း။ |
| ၈။ | أَلَيْسَ اللَّهُ بِأَحْكَمِ الْحَاكِمِينَ۞<br>ပရမတ်ဘုရားရှင်သည် ဓမ္မသတ်ချမှတ်ခြင်း၌ ဓမ္မသတ်ချုပ် မဟုတ်သလော။ |

---

(၁၇၇) ဝေနေယျသတ္တဝါတို့တွင် လူသားအား အဆင့်အမြင့်ဆုံးမှ ဖြစ်တည်ပေးထားသော်လည်း လူသားသည် မိမိ၏ ကျင့်ဆောင်ပြုလုပ်မှုများဖြင့် အဆင့် အနိမ့်ဆုံးသို့ ရောက်အောင် ပြုလုပ်တတ်ကြောင်းများကို ဤသုတ်တော်က ထောက်ပြထားပေသည်။